ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၁) ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးဆောင်ရွက်ခြင်း။ | ၄ |
| ၃။ | အခွန်အယူခံရုံးအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူများက သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက်ညွှန်ကြားချက် ထုတ်ပြန်ခြင်း။ | ၅-၆ |
| ၄။ | စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေ (SIAC Rules)(မူကြမ်း)ပါ အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၇-၉ |
| ၅။ | မမှန်သတင်းဖြန့်ခြင်းအား တရုတ်နိုင်ငံက ထောက်ခံသည်ဟု ဆိုထားသည့် US State Department ၏ အစီရင်ခံစာကို တရုတ်နိုင်ငံက ပယ်ချခြင်း။ | ၁၀-၁၁ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင်စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာ ၁ ခု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာနှင့် သက်ဆိုင်သည့်ဥပဒေ ၃ ခု နှင့် ပညာရေးဝန်ကြီးဌာန၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုနယ်မြေ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ ၁ ခုတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှု ပေးထားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၅-၉-၂၀၂၃ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျ ပြန်လည် မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားရှိပြီး မိုဘိုင်း SIM Card များရောင်းချခြင်းနှင့်စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ် များနှင့် အရောင်းဆိုင် (Points Of Sales) များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များ နှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်ဖြစ်ကြောင်း၊ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့် လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့် အညီ ပြန်လည်မှတ်ပုံတင်ရမည်ဖြစ်ကြောင်း နှင့် ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက် တစ်ရပ်ရပ်

ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်းတွင် အခြားဥပဒေသတင်းအချက်အလက်အနေဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း၊ စက်မှုဒီဇိုင်းဖော်ပြခြင်း၊ ကန့်ကွက်ခြင်းဆိုင်ရာ ဆောင်ရွက်မည့် နည်းလမ်းများနှင့် စပ်လျဉ်းသည့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ဖော်ပြဝန်ဆောင်မှုပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်ခြင်း

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆန္ဒခံယူပွဲကျင်းပရေးအတွက် လေ့လာရန် အစိုးရအဖွဲ့က ပညာရှင် အဖွဲ့တစ်ဖွဲ့ကို ၁၀-၃-၂၀၂၃ ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် ဖမ်သမ်ဝီချာယာချိုင်းက ပြောကြားခဲ့ပါသည်။ ယင်းအဖွဲ့တွင် အဖွဲ့ဝင် ၃၅ ဦးပါဝင်ပြီး အစိုးရ ကိုယ်စားလှယ်များ၊ အတိုက်အခံပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေရေးရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဥပဒေပညာရှင်များပါဝင်ကြောင်း သိရသည်။

ယင်းအဖွဲ့၏ပထမဆုံးအစည်းအဝေးကို ၇-၁၀-၂၀၂၃ ရက်နေ့တွင်ကျင်းပမည်ဖြစ်ပြီး ၎င်းတို့က သုံးလမှ လေးလထိ အချိန်တွင်း လုပ်ငန်းများဆောင်ရွက်၍ နှစ်ကုန်ပိုင်းတွင် လူထု ဆန္ဒခံယူပွဲကျင်းပ သွားနိုင်မည်ဖြစ်ကြောင်းနှင့် မည်သို့ရှေ့ဆက်ကြမည်ဆိုသည်ကို ဆုံးဖြတ်ချက်ချနိုင်မည်ဟု မျှော်လင့် ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ငန်းစဉ်အနေဖြင့် သုံးနှစ် ကျော်ကြာနိုင်ကြောင်း၊ လူထုဆွေးနွေးပွဲများလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဖမ်သမ်ဝီချာယာချိုင်းက ဆက်လက် ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ လက်ရှိအခြေခံဥပဒေကို ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၃၂ ခုနှစ်က သက်ဦးဆံပိုင်ဘုရင်စနစ်ကိုပယ်ဖျက်လိုက်ပြီးသည့်နောက် ရေးဆွဲခဲ့သော ပဋိညာဉ်နှင့်အခြေခံ ဥပဒေပေါင်း ၂၀ အနက် နောက်ဆုံးရေးဆွဲအတည်ပြုကျင့်သုံးနေသော အခြေခံဥပဒေဖြစ်ကြောင်း သိရသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ရည်ညွှန်း [https://constitutionnet.org/news/thailand-prime-minister-appoints-committee-review-possible-constitutional-amendments](https://constitutionnet.org/news/thailand-prime-minister-appoints-committee-review-possible-constitutional-amendments)

## အခွန်အယူခံရုံးအဖွဲ့သို့ အမှုများ တင်သွင်းလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူများက သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားချက်ထုတ်ပြန်ခြင်း

အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့သို့အမှုများတင်သွင်းလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူများက သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားချက်ကို အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါ ညွှန်ကြားချက်ဖြင့် Covid-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း အခွန်အယူခံခုံအဖွဲ့သို့ အမှုများတင်သွင်းခြင်းကို စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့လုပ်ငန်းများမှဖြစ်စေ တင်သွင်းလာပါက လက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့၏ ၂၁-၉-၂၀၂၀ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၁/၂၀၂၀ ကို လွှမ်းမိုးပယ်ဖျက်ခဲ့ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ (က) အရ ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထား နိုင်ကြောင်း၊ အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ နည်းဥပဒေ ၉ အရ ယင်းသို့ လျှောက်ထားလာပါက လျှောက်ထားသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ အခွန် အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် နည်းဥပဒေ ၆၂ အရ အယူခံလျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ကိုးဆယ်အတွင်း ခုံအဖွဲ့သို့ လျှောက်ထားရမည်နှင့် လျှောက်ထားသူက လုံလောက်သော အကြောင်းပြချက်များ တင်ပြနိုင်ပါက ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက် မပိုသောကာလအထိ အယူခံ ရက်ကို တိုးမြှင့်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသောကြောင့် လုံလောက်သော အကြောင်းပြချက်များ တင်ပြနိုင်စေကာမူ ရက်ပေါင်း တစ်ရာ့နှစ်ဆယ်ထက် ကျော်လွန်သော အယူခံလျှောက်ထားမှုများကို

လက်ခံဆောင်ရွက်ပေးမည် မဟုတ်သောကြောင့် သတ်မှတ်ကာလအတွင်း လျှောက်ထားကြရန် အသိပေးထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် - အခွန်အယူခံခုံအဖွဲ့

## စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေ(SIAC Rules) (မူကြမ်း)ပါ အနုညာတခုံရုံး၏စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏ နည်းဥပဒေများကို ၇ ကြိမ်မြောက်အဖြစ် ပြင်ဆင်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခင်ဥပဒေ အပတ်စဉ်သတင်းလွှာကဏ္ဍ၏ အတွဲ(၁)၊ အမှတ်(၁၇)တွင် စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေများ(မူကြမ်း)၏ ကျွမ်းကျင်သူခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြခဲ့ပြီးဖြစ်ပါသည်။

စင်္ကာပူနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏ နည်းဥပဒေများကို ၂၀၁၆ ခုနှစ်တွင် ၆ ကြိမ်မြောက်အဖြစ် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး ယခုအခါ အဆိုပါနည်းဥပဒေအား ၇ ကြိမ်မြောက်အဖြစ် ပြင်ဆင်ထုတ်ပြန်နိုင်ရေးအတွက် ၂၂.၈.၂၀၂၃ ရက်နေ့တွင် နည်းဥပဒေ(မူကြမ်း) အပေါ် အများပြည်သူများ၏ သဘောထားမှတ်ချက်များရယူနိုင်ရေး (Public Consultation) ဆောင်ရွက်နိုင်ရန်အတွက် ကြော်ငြာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏ ၇ ကြိမ်မြောက် နည်းဥပဒေ (မူကြမ်း)တွင် အနုညာတခုံရုံး၏စီရင်ပိုင်ခွင့်ကို အဆိုပါနည်းဥပဒေများ၊ နည်းဥပဒေ ၃၁ တွင် ဖော်ပြထားပြီး ခုံရုံးသည် အနုညာတသဘောတူညီချက်တည်ရှိမှု၊ တရားဝင်မှု၊ အသုံးပြုမှုအပါအဝင် ကန့်ကွက်မှုများနှင့်စပ်လျဉ်း၍၎င်းကိုယ်တိုင်စီရင်ပိုင်ခွင့် အခွင့်အာဏာရှိကြောင်း၊ ပဋိညာဉ်တစ်ခု၏ တစ်စိတ်တစ်ဒေသဖြစ်သော အနုညာတသဘောတူညီချက်ကို အခြားစည်းကမ်းချက်များမှ သီးခြားလွတ်လပ်သော သဘောတူညီချက်တစ်ရပ်အဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း၊ ပဋိညာဉ်ကို ပျက်ပြယ်ကြောင်း ခုံရုံး၏ဆုံးဖြတ်ချက်သည် အနုညာတသဘောတူညီချက်ကို ပျက်ပြယ်မည်မဟုတ်ကြောင်း၊ ခုံရုံးတွင်စီရင်ပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ချက်တစ်ရပ်ရပ်ကို ချေပလွှာ သို့မဟုတ် တန်ပြန်တောင်းဆိုချက်ကိုချေပလွှာ တင်သွင်းသည့် နေ့ထက် နောက်မကျစေဘဲ တင်ပြရမည် သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းများဆောင်ရွက်နေစဉ် ခုံရုံးသည်၎င်း၏လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်

လုပ်ကိုင်ကြောင်း စွပ်စွဲ သည့်အကြောင်းအရာများ ပေါ်ပေါက်လျှင် ထိုသို့ပေါ်ပေါက်သည့်နေ့မှ ၁၅ ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ကြောင်း၊ နှောင့်နှေးကြန့်ကြာရသည့် အကြောင်းရင်းသည် လက်ခံနိုင်ဖွယ်ရာရှိလျှင် သတ်မှတ်ရက်ထက်ကျော်လွန်ပြီး တင်ပြလာသော ကန့်ကွက်လွှာတစ်ရပ်ကို ခုံရုံးမှ လက်ခံနိုင်ကြောင်း၊ အငြင်းပွားသူတစ်ဦးမှ ခုံသမာဓိတစ်ဦး၏အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ထိုသို့ တင်သွင်းခြင်းတွင် ပါဝင်နေခြင်းအကြောင်းကြောင့် ကန့်ကွက်ချက် တင်သွင်းခြင်း မပြုရန် တားမြစ်ထားခြင်း မရှိကြောင်း၊ ခုံရုံးသည် ကန့်ကွက်ချက်အပေါ် ပမာဏမေးခွန်း သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် ချမှတ်နိုင်ပါကြောင်းတို့ကို ပြင်ဆင်ဖြည့်စွက်ထားသည်ကို သိရှိရသည်။

၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေး စင်တာ၏နည်းဥပဒေများ၊ နည်းဥပဒေ ၂၈ ၌ အနုညာတခုံရုံး၏စီရင်ပိုင်ခွင့်ကို ဖော်ပြထားပြီး အဆိုပါ နည်းဥပဒေ ၂၈.၁ တွင်မူ ခုံရုံး၏စီရင်ပိုင်ခွင့်ကို အငြင်းပွားသူတစ်ဦးဦးက ကန့်ကွက်လျှင် အဆိုပါ ကန့်ကွက်ချက်ကို တရားရုံးထံ လွှဲပြောင်းခြင်းအပေါ် မှတ်ပုံတင်အရာရှိက ဆုံးဖြတ်နိုင်ကြောင်း၊ ထိုသို့ တင်ပြလာပါက တရားရုံးက အနုညာတဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်ရန် မြင်သာသော အထောက်အထားများဖြင့်လက်ခံကျေနပ်ကြောင်းဆုံးဖြတ်နိုင်ပြီး လက်ခံကျေနပ်မှုမရှိပါကအနုညာတ စီရင်ဆုံးဖြတ်မှုကို ရပ်စဲရမည်ဟု ဆုံးဖြတ်ပေးရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် တရားရုံးကဆက်လက်ဆောင်ရွက်သင့်ကြောင်းဆုံးဖြတ်ချက်သည် စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန် လွှမ်းမိုးသည့် ခုံရုံး၏လုပ်ပိုင်ခွင့်အာဏာအပေါ် ထိခိုက်မှုမရှိစေရကြောင်း ဖော်ပြထားသည်ကို သိရှိရ သည်။

၇ ကြိမ်မြောက် ပြင်ဆင်ထုတ်ပြန်မည့်နည်းဥပဒေ(မူကြမ်း)တွင်မူ အဆိုပါ နည်းဥပဒေ ၂၈.၁ ပါအချက်မပါဝင်တော့ကြောင်း၊ ခုံရုံး၏စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ခုံရုံးမှသာ ဆုံးဖြတ်ချက်ချမှတ်မည် ဖြစ်ကြောင်း၊ ကန့်ကွက်ချက်တင်ပြရန်ရက်ကို ယခင် ၁၄ ရက်အစား ၁၅ ရက်ဟု ပြင်ဆင်ဖော်ပြထား ကြောင်း၊ ယင်းနေ့ရက်ထက်ကျော်လွန်ပြီး တင်ပြလာသောကန့်ကွက်လွှာတွင် နှောင့်နှေးကြန့်ကြာရ သည့်အကြောင်းရင်းသည်လက်ခံနိုင်ဖွယ်ရာရှိလျှင် ခုံရုံးမှလက်ခံနိုင်ကြောင်းတွေ့ရှိရသဖြင့်ထိုသို့ခုံရုံး၏

စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားရုံး၏အဆုံးအဖြတ်ကို ခံယူခြင်းမပြုတော့ဘဲ ခုံရုံးမှသာ ဆုံးဖြတ်ခြင်းသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်တွင် ထိရောက် မြန်ဆန်နိုင်သည်ဟု သုံးသပ်နိုင်ပြီး တစ်ဖက်တွင်လည်း အငြင်းပွားသူများမှ ခုံရုံး၏လုပ်ပိုင်ခွင့်အပေါ် မေးခွန်းထုတ်စရာများ မရှိစေရန်အတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း သိရှိရပါသည်။

အနုညာတခုံရုံး၏ စီရင်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ၏ အခန်း (၆)၊ ပုဒ်မ ၁၈ တွင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပြီး ၇ ကြိမ်မြောက် ပြင်ဆင်ထုတ်ပြန်မည့် စင်္ကာပူနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းရေးစင်တာ၏နည်းဥပဒေ(မူကြမ်း)ပါပြဋ္ဌာန်းချက်များနှင့်တူညီမှုရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

**ကျမ်းကိုးစာရင်း**

Singapore International Arbitration Center (SIAC) Rules, 6th edition

Singapore International Arbitration Center (SIAC) Rules, 7th (draft) edition

မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ခုနှစ်)

## မမှန်သတင်းဖြန့်ခြင်းအား တရုတ်နိုင်ငံက ထောက်ခံသည်ဟု ဆိုထားသည့် US State Department ၏ အစီရင်ခံစာကို တရုတ်နိုင်ငံက ပယ်ချခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ (PRC) သည် ကမ္ဘာတစ်ဝှမ်းမဟုတ်မမှန်သတင်းများ ပျံ့နှံ့မှုကို ထောက်ခံသည်ဟုဆိုထားသော အမေရိကန်နိုင်ငံခြားရေးဌာန အစီရင်ခံစာကို ပယ်ချခဲ့သည်။ ရှင်ဟွာ သတင်းအေဂျင်စီအား ကိုးကား၍ PRC နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "အစီရင်ခံစာသည် ဖြစ်ရပ်မှန်နှင့်အမှန်တရားကိုလွဲမှားစွာဖေါ်ပြထားသောကြောင့် မဟုတ်မမှန်သော သတင်းသာဖြစ်သည်" ဟု စနေနေ့ကပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ပြောရေးဆိုခွင့်ရှိသူက အမေရိကန်သည် "ကမ္ဘာလုံးဆိုင်ရာ သတင်း အချက်အလက်နေရာကို လက်နက်သဖွယ်အသုံးပြုခြင်း" ကို တီထွင်နေသည်ဟု စွပ်စွဲခဲ့သည်။ ၎င်းတို့သည် စစ်အေးတိုက်ပွဲအတွင်း အသုံးပြုခဲ့သည့်အမေရိကန်၏ဝါဒဖြန့်မှုကို ထောက်ပြခဲ့ပြီး မကြာသေးမီက "အီရတ်နှင့်ဆီးရီးယားတွင် ကျူးကျော်စစ်ပွဲများဆင်နွှဲရန် အထောက်အထား"ကို လူသိရှင်ကြား ထုတ်ဖော်ခဲ့သည်။ အမေရိကန်သည် တရုတ်နိုင်ငံ၏ Xinjiang ပေါ်လစီနှင့် Uyghur လူမျိုးသုဉ်းသတ်ဖြတ်မှုတို့နှင့်ပတ်သက်သည့် "ကြီးမားသောလိမ်ညာမှု"ကို ဖြန့်နေသည်ဟုလည်း ပြောကြားခဲ့ပါသည်။

ကြာသပတေးနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် PRC သည် တရုတ်အစိုးရအပေါ် နိုင်ငံတကာ၏ ခံယူချက်အပေါ် လွှမ်းမိုးရန် "လှည့်စားပြီး အကျပ်ကိုင်သည့် နည်းလမ်းမျိုးစုံ" ကို အသုံးပြုသည်ဟု အခိုင်အမာဆိုသည်။ ထို့ပြင် PRC သည် နိုင်ငံခြားမီဒီယာများ၏ စိတ်ဝင်စားမှုကို ရယူထားသည်ဟု အခိုင်အမာဆိုထားသည်။

အခြားထောက်ပြသောအချက်တစ်ခုမှာ "ဒစ်ဂျစ်တယ်အာဏာရှင်စနစ်" ကိုအသုံးပြုခြင်း ပါဝင်သည်။ PRC သည် အွန်လိုင်းပလပ်ဖောင်းများမှတစ်ဆင့် ဝေဖန်သူများကို ဆင်ဆာဖြတ်ခြင်း၊ သံသယရှိအွန်လိုင်း "ကောလာဟလများ" ကို နှိမ်နင်းခြင်းနှင့် နိုင်ငံနှင့်ပတ်သက်သော "သတင်းမှားများ" တိုင်ကြားရန် လူများအား တောင်းဆိုသည်ဟု စွပ်စွဲထားသည်။ TikTok သည် ဆင်ဆာ

ဖြတ်တောက်ခြင်း၏ အဓိက ဥပမာတစ်ခုအဖြစ် ကိုးကားထားသည်။ အစီရင်ခံစာတွင် Platform ကို ပိုင်ဆိုင်သည့် တရုတ်ကုမ္ပဏီသည်ဘေဂျင်းအား ဝေဖန်သူများကို ပိတ်ဆို့ရန် ကြိုးပမ်းနေကြောင်း၊ အသုံးပြုသူများ၏စာရင်းများကို မွမ်းမံပြင်ဆင်ခြင်းဖြင့် အဆင်မပြေသည့် အကြောင်းအရာများကို ဖန်တီးနေသည်ဟု ဆိုထားသည်။

အဆိုပါ အစီရင်ခံစာတွင် PRC ၏ ဩဇာလွှမ်းမိုးမှု ကြီးထွားလာသည်နှင့်အမျှ PRC ၏ စွပ်စွဲချက်များ မမှန်သတတင်းပျံ့နှံ့မှု၏ အနာဂတ်သက်ရောက်မှုများကို ဖော်ပြထားပြီး၊ စီးပွားရေး သို့မဟုတ် နည်းပညာဆိုင်ရာ ကန့်သတ်မှုပုံစံဖြင့် လက်တုံ့ပြန်ရန် မကြောက်ရွံ့ဘဲ အချုပ်အခြာ အာဏာပိုင်နိုင်ငံများကို ပြန်လည်တွန်းလှန်ရန် ပိုမိုခက်ခဲလာမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းတို့၏ အချုပ်အခြာအာဏာပိုင် အကျိုးစီးပွားဆိုင်ရာ အချက်အလက်ကို အခြေခံသည့် အကဲဖြတ်မှု များတွင် PRC နှင့် ဆက်ဆံရေးကို ကြိုတင်ဟောကိန်းထုတ်ခြင်းဖြင့် ယင်းကို ရှောင်ရှားနိုင်စေရန် အမေရိကန်က နိုင်ငံများအား တိုက်တွန်းထားကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: jurist.org

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

